SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု ထုတ်ပြန်ချက်**

**၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်**

# ရှမ်းမြောက်ရှိတရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတလျှောက် စစ်ကောင်စီ၏တိုက်ခိုက်မှုကြောင့် အရပ်သား ပြည်သူများစွာ သေဆုံးပြီး ပိုက်လိုင်းပေါက်ကွဲမည်ကို စိုးရိမ်မှုမြင့်တက်

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်နေ့တွင် မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖော် ဦးဆောင်သည့် ၁၀၂၇ စစ်ဆင်ရေးစတင်အပြီး ရှမ်းမြောက်ရှိတရုတ်ပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတလျှောက်ရှိမြို့နယ်များကို စစ်ကောင်စီက လေကြောင်းမှလည်းကောင်း၊ ကုန်းကြောင်းမှလည်းကောင်း အဆင်အခြင်းမဲ့ တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၂၇ဦးသေဆုံးပြီး ၃၃ဦးဒဏ်ရာရကာ အဆောက်အဦး ၁၆၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ရသည်။

၁၀၂၇ စစ်ဆင်ရေး၏ အဓိကပစ်မှတ်နေရာသည် တရုတ်နယ်စပ်တလျှောက်ရှိမြို့နယ်များဖြစ်ပြီး ဗမာပြည်အတွင်း ပိုက်လိုင်းဖြတ်သန်းသွားရာ နမ့်ခမ်းမြို့ လည်း ပါဝင်သည်။ သို့ရာတွင် ညီနောင်မဟာမိတ်သုံးဖော်က စစ်ကောင်စီ၏ ထောက်ပို့များကို ဖြတ်တောက်ထားရာ ပိုက်လိုင်း၏တောင်ဖက် တလျှောက် ရှိမြို့နယ်များဖြစ်သည့် နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့နယ်အတွင်း မန္တလေး-မူဆယ် အဝေးပြေးလမ်းတလျှောက်တွင်လည်း တိုက်ပွဲများဖြစ် ပွားလျက်ရှိသည်။ အဆိုပါမြို့နယ်များအတွင်းဖြစ်ပွားနေသည့် တိုက်ပွဲများ၌ ပိုက်လိုင်းများအနီးတွင် စစ်ကောင်စီ၏ လေကြောင်းမှလည်းကောင်း၊ လက်နက်ကြီး ဖြင့်လည်း ကောင်း အဆင်အခြင်းမဲ့တိုက်ခိုက်မှုများကြောင့် အန္တရာယ်ကြီးမား လွန်း သော ပိုက်လိုင်းပေါက်ကွဲမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများမြင့် တက် လျက်ရှိသည်။

လေကြောင်းတိုက်ခိုက်မှုများသည် အောက်တိုဘာလ ၂၉ရက်နေ့တွင် စစ်ကောင်စီက တအာင်းတပ်မတော် TNLA နှင့် မန္တလေး PDF များလှုပ်ရှား ရာ ဒေသဖြစ်သည့် နောင်ချိုမြို့အနောက်ဖက် ၆ကီလိုမီတာဝေးကွာသည့် ကျောက်ကြမ်းရွာကို စစ်ကောင်စီက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည့် အချိန်က တည်းက စတင်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟိန္ဒူဘာသာရေးကျောင်းတစ်ကျောင်းပျက်စီးခဲ့ပြီး အရပ်သားပြည်သူတစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရခဲ့သည်။ ကျောက်ကြမ်းရွာတောင်ဖက် မီတာ ၁၀၀ ပင်မဝေးသည့်နေရာတွင် ပိုက်လိုင်းတည်ရှိသည်။




*နမ့်ခမ်းမြို့ ပေါက်နေရပ်ကွက်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့်ထိခိုက်ပျက်စီးမှု*

နောက်ရက်အနည်းငယ်အကြာတွင် စစ်ကောင်စီက နောင်ချိုမြို့ အနောက်ဖက် အဝေးပြေးလမ်းရှိ ရွာများရှိ TNLA နှင့် PDF တပ်သား များကို တိုက်ထုတ်ရန် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည့် အတွက် နေအိမ် ၃၀ ကျော်ပျက် စီး ပြီး အရပ်သားပြည်သူ တစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာရခဲ့သည်။ လေကြောင်းမှ ဗုံးကြဲတိုက် ခိုက် ခံရသည့် ရွှေညောင် ပင်နှင့် အုမ်းမခါးကျေးရွာနှစ်ရွာသည် ပိုက် လိုင်း အနီးတွင် တည်ရှိသည်။

နိုဝင်ဘာလ ၆ရက်နေ့တွင် TNLA နှင့် PDF တပ်များသည် ကျောက် မဲမြို့နယ်ကို ဖြတ်သန်းသွားသည့် မန္တလေးမူဆယ် အဝေးပြေး လမ်းရှိ စစ်ကောင်စီ၏ ဂုတ်ထိပ်တံတားအစောင့်တပ်များကို တိုက် ခိုက် ခဲ့သည်။ ယင်းနောက် ရက်အနည်း ငယ်အကြာတွင် ဂုတ်ထိပ် တံတား အရှေ့ဖက် အဝေးပြေးလမ်းမရှိ ကျောက်မဲမြို့နယ်၊ နောင် ပင် ကျေးရွာအုပ်စုကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက် မှုများ ပြုလုပ်ခဲ့သည့်အတွက် အရပ်သားပြည်သူ တစ်ဦးသေဆုံးပြီး ပိုက် လိုင်း အနီးရှိ ကျေးရွာလေးရွာမှ နေအိမ် ၂၀ကျော် ပျက်စီးခဲ့သည်။ ညနေ ၅နာရီအချိန်၌ စစ်ကောင်စီတပ်သား ၅၀ခန့်သည့် ပိုက်လိုင်း စခန်းသို့ရောက်ရှိလာပြီး ပိုက်လိုင်းစခန်းအ တွင်းမှပစ္စည်းများကိုလည်းကောင်း၊ အနီးရှိ ပန်တိန် ကျေးရွာ အတွင်း နေအိမ် ၂၀ခန့်မှ ဆန်၊ ဆီနှင့် အခြား အိမ်အသုံး ဆောင်ပစ္စည်းများကို ခိုးယူသွားသည်။ စစ်ကောင်စီမီ ဒီယာများ မှ ပိုက်လိုင်းစခန်း ခိုးယူခံ ရသည့် ဓာတ်ပုံများကို ဖော် ပြကာ အဆိုပါထိခိုက်ဆုံးရှုံးမှုများကို TNLA ကပြုလုပ် သည် ဟု စွပ်စွဲခဲ့သည်။

နိုဝင်ဘာလ နှောင်းပိုင်းတွင် တိုက်ပွဲများသည် အဝေးပြေးလမ်းမ အရှေ့ဖက် ကျောက်မဲမြို့နယ်မှ သီပေါမြို့နယ်အထိ ကူးစက်လာခဲ့ပြီး စစ်ကောင်စီက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့်သော်လည်းကောင်း၊ သီပေါမြို့အတွင်းနှင့် မြို့ပတ်ပတ်လည်ရှိ စစ်ကောင်စီတပ်သားများ၏ အဆင်အခြင်မဲ့ပစ်ခတ်မှုကြောင့်သော်လည်းကောင်း အရပ်သား ပြည် သူတစ်ဦးသေဆုံးခဲ့ပြီး ၈ဦးဒဏ်ရာရှိခဲ့သည်။ နိုဝင်ဘာလ ၂၇ရက်နေ့တွင် စစ်ကောင်စီက ကျောက်မဲမြို့ အရှေ့ ဖက် မူဆယ်-မန္တလေးအဝေးပြေးလမ်းမပေါ်ရှိ ဗူးခါးရွာကို လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အရပ် သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ်သုံးလုံးပျက်စီးခဲ့သည်။ ဗူးခါးရွာသည် ပိုက်လိုင်းမြောက်ဖက် မီတာ ၅၀၀ သာဝေးကွာသည့်နေရာတွင် တည်ရှိသည်။


**2023 အောက်တိုဘာ29မှ ဒီဇင်ဘာ 16 အထိ တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်**
**စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ**



ဒီဇင်ဘာလမှစ၍ နမ့်ခမ်းမြို့တောင်ဖက်စွန်းတွင်အခြေစိုက်သည့် စစ်ကောင်စီတပ်ရင်းကို TNLA ၏တိုက်ခိုက်မှုမှ ကာကွယ်ရန် စစ်ကောင်စီသည် နမ့်ခမ်းမြို့အတွင်းနှင့် မြို့ပတ်ပတ်လည်ကို လက်နက်ကြီးများဖြင့်သော် လည်း ကောင်း၊ လေကြောင်းမှသော်လည်းကောင်း ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ဒီဇင်ဘာလ ၁၆ရက်နေ့အထိ အဆိုပါတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူသေဆုံးမှု ၁၆ ဦးအထိရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၂ဦးရှိကာ နေအိမ်အလုံး ၁၀၀ ကျော် ပျက်စီးခဲ့ပြီဖြစ်သည်။ ဒီဇင်ဘာလ ၁၆ရက်နေ့ ညအတွင်းမှာပင် နမ့်ခမ်းမြို့အနောက် တောင်ဖက် ၁၀ကီလိုမီတာဝေးကွာသည့်ဟိုနားကျေးရွာကို စစ်ကောင်စီက လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူ ၅ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရခဲ့သည်။ ပိုက်လိုင်းသည် ဟိုနားကျေးရွာသည် ဘေးကပ်ရပ်တွင် ဖြတ်သန်းသွားပြီး ကျေးရွာ၏မြောက်ဖက် မီတာ ၄၀ သာကွာဝေးသည်။



နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့်ထိခိုက်ပျက်စီးမှု



နမ့်ခမ်းမြို့ မိုခမ်းရပ်ကွက်တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသည့် ဘုန်းကြီးကျောင်း

မြေအောက်တွင် တစ်မီတာခန့်သာ မြှုပ်နှံထားသည့်ပိုက်လိုင်းတည်ရှိရာနေရာများကို လေကြောင်းမှလည်းကောင်း၊ လက်နက်ကြီးဖြင့်သော်လည်းကောင်း အကြိမ်ကြိမ်တိုက်ခိုက်နေမှုများကြောင့် လက်နက်ကြီးကျည်က ပိုက်လိုင်းကို တိုက်ရိုက်ထိမှန်ပြီး ပြင်းထန်သောပေါက်ကွဲမှုဖြစ်ကာ ကျယ်ပြန့်သောအကွာအဝေးအထိ အရပ်သားပြည် သူပေါင်းများစွာအား ထိခိုက်မည်ကို ဒေသခံများက စိုးရိမ်လျက်ရှိပါသည်။


အဆိုပါစီမံကိန်းစတင်ကတည်းကသျှမ်းပြည်မြောက်ပိုင်း ပိုက်လိုင်းတစ်လျှောက်တွင်နေထိုင်သောဒေသခံများသည် ပိုက်လိုင်းယိုစိမ့်မှုနှင့်ပေါက်ကွဲမှုကို စိုးရိမ်ကြောက်ရွံ့ခဲ့ကြသည်.။

**အောက်တိုဘာ ၂၉ မှ နိုဝင်ဘာ ၂၈အထိ နောင်ချိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ ပစ်ခတ်မှုနှင့်မြေမြုပ်မိုင်းတို့ကြောင့် အရပ်သား ၈ဦးသေဆုံးပြီး ၉ဦးဒဏ်ရာရကာ အိမ်ခြေ ၄၀ကျော်ပျက်စီးခဲ့သည်။**

| စဥ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | ဖြစ်စဥ် | သေဆုံး | ဒဏ်ရာရ | ပျက်စီး |
|---|---|---|---|---|---|---|
| ၁. | ၂၉.၁၀.၂၀၂၃ | ကျောက်ကြမ်း ကျေးရွာ | မနက်(၇)နာရီ(၂၀)မိနစ်ခန့် တွင် တိုက်ပွဲတစ်စုံတစ်ရာ ဖြစ်ပွားချင်းမရှိဘဲ ဗုံးလာကြဲခဲ့ | ၁ (ကျား) ၅၀ ဝန်းကျင် | ၂ (မ) ၄၀ခန့် ကျား ၂၈ | ဟိန္ဒူဘုရားကျောင်း ပျက်စီး |
| ၂. | ၁.၁၁.၂၀၂၃ မှ ၃.၁၁.၂၀၂၃ | အုမ္ဗသီးရွာ | စစ်ကောင်စီမှ နေ့စဥ် လေကြောင်းမှ ၁၅ ကြိမ်ထက် မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ | | | နေအိမ် ၅လုံးထက် မနည်း ပျက်စီး |
| ၃. | ၁.၁၁.၂၀၂၃ မှ ၅.၁၁.၂၀၂၃ | ရွှေညောင်ပင်ရွာ | စစ်ကောင်စီမှ နေ့စဥ် လေကြောင်းမှ ၁၅ ကြိမ်ထက် မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ | | | နေအိမ် ၅လုံးထက် မနည်းပျက်စီး |
| ၄. | ၁.၁၁.၂၀၂၃ မှ ၅.၁၁.၂၀၂၃ | အုမ္ဗခါးရွာ | စစ်ကောင်စီမှ နေ့စဥ် လေကြောင်းမှ ၁၅ ကြိမ်ထက် မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ | | | နေအိမ် ၅လုံးထက် မနည်းပျက်စီး |
| ၁ | ၁.၁၁.၂၀၂၃ မှ ၅.၁၁.၂၀၂၃ | ဆမ္ဗဆယ်ရွာ | စစ်ကောင်စီမှ နေ့စဥ် လေကြောင်းမှ ၁၅ ကြိမ်ထက် မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ | ၁ (ကျား) | ၃ (ကျား ၂၊မ ၁) | နေအိမ် ၁၅ လုံးထက်မနည်းပျက်စီး |
| ၆. | ၂.၁၁.၂၀၂၃ | ဟိုခိုရွာ | ည ၁၂ နာရီဝန်းကျင်တွင် တိုက် ပွဲတစ်စုံတစ်ရာဖြစ်ပွား ချင်း မရှိဘဲ ဂျက်ဖိုက်တာတစ် စီးဖြင့် ပေါင် ၅၀၀ဗုံးနှစ်လုံး လာ ရောက်ကြဲချခဲ့ | | | နေအိမ် ၃ လုံးထက် မနည်းပျက်စီး |
| ၇. | ၉.၁၁.၂၀၂၃ | သုံးဆယ်ရွာ | နေ့ခင်း ၃နာရီခန့်တွင် ကျေး ရွာ အနီးလက်နက်ကြီး ကျရောက်ကာဒဏ်ရာရ | | မ ၁ | |
| ၈. | ၁၅.၁၁.၂၀၂၃ | ဇီးဖြူရေရွာ | စစ်ကောင်စီမှ ညနေ ၅နာရီ ခန့်တွင် သံဘိုစခန်းမှ ကျေး | ၁ (မ)၁၂နှစ်၊ ၁ | ၁ (မ)၃၅နှစ်၊ ၁ | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ် | (ကျား) ၁နှစ် | (ကျား) ၄နှစ် | |
| ၉. | ၁၅.၁၁.၂၀၂၃ | ဈေးရပ်ကွက် | စစ်ကောင်စီတပ်သားများမှ ၎င်းအား ညဉ့်၉နာရီတွင် လမ်းပေါ်၌ ပစ်ခတ် | ၁<br>(ကျား)<br>၅၀နှစ်ဝန်းကျင် | | |
| ၁၀ | ၁၅.၁၁.၂၀၂၃ | ဆမ္မဆယ်ရွာ | စစ်ကောင်စီတပ်သားများမှ ကျေး ရွာအတွင်း လမ်းလျှောက် နေသော စိတ်ဝေဒနာ ခံစားနေရသည့် အမျိုးသမီး တစ်ဦးကို ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိ | | ၁<br>(မ) ၂၆နှစ် | |
| ၁၁. | ၁၉.၁၁.၂၀၂၃ | ဒိုးပင်ရွာ | စစ်ကောင်စီမှ ဒိုးပင်ရဲစခန်းပေါ်သို့ ဂျက်တိုက်လေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံးလာကြဲခဲ့ | | | နေအိမ်၃လုံး၏ အမိုးများ ပျက်စီး |
| ၁၂. | ၂၂.၁၁.၂၀၂၃ | ကုန်းစုံရွာ | ညနေ ၃နာရီခန့်တွင် လယ်သမားတစ်ဦး ကွဲကျောင်းနေစဉ် မြေမြှုပ်မိုင်းနင်းမိ | ၁<br>(ကျား)<br>၅၈နှစ် | | |
| ၁၃. | ၂၈.၁၁.၂၀၂၃ | သုံးဆယ်ရွာ | စစ်ကောင်စီမှ နံနက် ၁၁နာရီခန့်တွင် Than Bo စခန်းမှ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ် | ၂<br>(ကျား) ၂၈နှစ် နှင့် ၄၀နှစ် | | |

**2023 နိုဝင်ဘာ 21ရက်မှ ဒီဇင်ဘာလ 16ရက်အထိ နမ့်ခမ်းမြို့နယ်တွင်အရပ်သားများကို ထိခိုက်သေဆုံးစေသောစစ်ကောင်စီ၏တိုက်ခိုက်မှုများ**



မြေပုံ-ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်

**နိုဝင်ဘာ ၉မှဒီဇင်ဘာ၅အထိ သီပေါမြို့နယ်နှင့်ကျောက်မဲမြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက် ခိုက်မှု၊ ပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်း တို့ကြောင့် အရပ်သား ၅ဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရကာ အိမ်ခြေ ၂၀ကျော် ပျက်စီး ခဲ့သည်။**


| စဥ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | ဖြစ်စဥ် | သေဆုံး | ဒဏ်ရာရ | ပျက်စီး |
|---|---|---|---|---|---|---|
| ၁. | ၉.၁၁.၂၀၂၃ | မန်ကောင်းမှူးရွာ ကျောက်မဲ | သူ၏ လိမ္မော်ခြံသို့အသွား မြေမြှုပ်မိုင်းနင်းမိ | ၁ (ကျား) ၆၉ နှစ် | | |
| ၂. | ၁၂.၁၁.၂၀၂၃ | ကျင်သီရွာ သီပေါ | စစ်ကောင်စီတပ်သားက နံနက် ၇ နာရီခန့်တွင် အရပ်သားတစ်ဦးအား ပစ်ခတ် | | ၁ (ကျား) ၆၀နှစ်ဝန်းကျင် | |
| ၃. | ၁၃.၁၁.၂၀၂၃ | ဇီးပင်စခန်း ကျောက်မဲ | စစ်ကောင်စီမှ လေကြောင်းဖြင့် ည၉နာရီမှ ညသန်းခေါင်အထိ ဗုံးကြဲတိုက်ခိုက်ခဲ့ | | | နေအိမ် ၁လုံးပျက်စီး |

| | | | | | | |
|---|---|---|---|---|---|---|
| ၄. | ၁၃.၁၁.၂၀၂၃ | တောင်ကြူရွာ ကျောက်မဲ | စစ်ကောင်စီ တပ်- ၅၀၂ တပ်သားများက ညနေ ၃: ၃၀နာရီတွင် ရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ် | | ၁ (ကျား) ၈နှစ် | |
| ၅. | ၁၄.၁၁.၂၀၂၃ | ပါပုတ် ကျောက်မဲ | စစ်ကောင်စီတပ်သားများက မွန်းလွဲ ၁နာရီခန့်တွင် ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်၊ လက်နက်ကြီးကျည်သည် အရပ်သားတစ်ဦးအိမ်ရှေ့သို့ ကျရောက်ပေါက်ကွဲကာ အဆိုပါအရပ်သားသေဆုံး | ၁ (ကျား) ၄၀နှစ် | | |
| ၆. | ၁၅.၁၁.၂၀၂၃ | ဇီးပင်စခန်း၊ပင်တီး၊ ပန်တိန်၊ ခေါက်ခက် ကျောက်မဲ | စစ်ကောင်စီမှ MI-၃၅ ဂျက်တိုက်လေယာဉ်ကို အသုံးပြုကာ မန္တလေး- မူဆယ် အဝေးပြေးလမ်းရှိ နောင်ပိန်ကျေးရွာအား ဗုံးကြဲတိုက်ခိုက်ခဲ့၊ ဗုံးတစ်လုံးသည် ဇီးပင်ပိုက်လိုင်းထိန်း ချုပ်ရေး စခန်း အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ | | ၁ (ကျား) | နေအိမ် ၁၀လုံးထက်မနည်း ပျက်စီး |
| ၇. | ၂၂.၁၁.၂၀၂၃ | စံဖိတ်ရွာ သီပေါ | စစ်ကောင်စီတပ်သားများက နံနက် ၁၀: ၁၅ နာရီခန့်တွင် ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာသား ၃ဦး ဒဏ်ရာရ | | ၃ (ကျား) ၃၀နှစ်ဝန်းကျင် | |
| ၈. | ၂၂.၁၁.၂၀၂၃ | ရွှေပြည်သာကွက်သစ် သီပေါ | စစ်ကောင်စီတပ်သားများမှ နံနက် ၁၀: ၁၅နာရီ ခန့်တွင် ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ် | | ၂ (မ) ၃၀နှစ်ဝန်းကျင်နှင့် ၅၀နှစ် ဝန်းကျင် | |
| ၉. | ၂၂.၁၁.၂၀၂၃ | နားလွယ်ရွာ သီပေါ | စစ်ကောင်စီတပ်သားများက နံနက် ၁၀: ၁၅နာရီခန့်တွင် | | ၁ (ကျား) ၅၀နှစ် | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | နားလွယ်ရွာအနီးရှိ လယ်ကွင်းများထဲသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် ကောက်ရိတ်နေသော လယ်သမားတစ်ဦးထိခိုက် | | | |
| ၁၀. | ၂၂.၁၁.၂၀၂၃ | စံဖိတ်ရွာ သီပေါ | နမ္မတူတံတားအနီးရှိ စစ်ကောင်စီကင်းစခန်းမှလက်နက်ကြီးဖြင့်ပစ်ခတ် | ၁ (ကျား) ၄၉နှစ် | | |
| ၁၁. | ၂၅.၁၁.၂၀၂၃ | မန်လွယ်နားပန် သီပေါ | စစ်ကောင်စီမှ နံနက် ၅နာရီတွင် ကျေးရွာ အတွင်းသို့ လက်နက် ကြီးဖြင့် ပစ်ခတ်သဖြင့် ဖုံးခိုကျင်းအတွင်း ပုန်းနေ သော လူတစ်ဦး ဒဏ်ရာရ | | ၁ (ကျား) ၄၁နှစ် | |
| ၁၂. | ၂၇.၁၁.၂၀၂၃ | နမ့်ဟူးရွာ ကျောက်မဲ | စစ်ကောင်စီတပ်သားများကမွန်းတည့်ချိန်တွင် ကျေးရွာအတွင်းသို့ လက်နက် ကြီးများဖြင့် ပစ်ခတ်ခဲ့၊ လက်နက် ကြီးကျည်တစ်လုံးသည် နမ့်ဟူးဘုန်းကြီး ကျောင်းသို့ ကျရောက် ပေါက်ကွဲကာ ဘုန်းကြီးတစ် ဦးဒဏ်ရာရ | | ၁ (ကျား) ၅၀နှစ် | |
| ၁၃. | ၂၇.၁၁.၂၀၂၃ | ဖူးခါးရွာ ကျောက်မဲ | စစ်ကောင်စီမှ ညနေ ၄နာရီမှ ၆နာရီအတွင်း လေကြောင်းဖုံးကြဲတိုက်ခိုက်မှု သုံးကြိမ်ပြုလုပ်ခဲ့ | | ၁ (ကျား) | နေအိမ် ၃လုံးပျက်စီး |
| ၁၄. | ၂၇.၁၁.၂၀၂၃ | ပန်ပေါင်းရွာ ကျောက်မဲ | စစ်ကောင်စီမှ ည ၉နာရီတွင် လေကြောင်းဖုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ | ၁ (မ) | | တိုးဂိတ်၁ဂိတ်၊ နေအိမ် ၁၀လုံးပျက်စီး၊ ကားနှစ်စီးမီးလောင်ပျက်စီး |
| ၁၅. | ၂၈.၁၁.၂၀၂၃ | လွယ်ခေါ်ရွာ ကျောက်မဲ | စစ်ကောင်စီမှ နံနက် ၈: ၃၀ နာရီတွင် ကျေးရွာအတွင်း | | ၁ (ကျား) ၂၉နှစ် | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | သို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ | | | |
| ၁၆. | ၅.၁၂.၂၀၂၃ | မိုင်းလုံရွာ ကျောက်မဲ | စစ်ကောင်စီမှ နံနက်၅နာရီတွင် ကျေးရွာအတွင်းသို့ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | ၁ (မ) ၃၅နှစ် | | |

2023 နိုဝင်ဘာ 9 ရက်မှ ဒီဇင်ဘာလ 5 ရက်အထိ ကျောက်မဲနှင့်သီပေါမြို့နယ်တို့တွင် အရပ်သားများကို ထိခိုက်သေဆုံးစေသောစစ်ကောင်စီ၏တိုက်ခိုက်မှုများ




**၂၀၂၃ နိုဝင်ဘာ ၂၁ မှဒီဇင်ဘာ ၁၆အထိ နောင်ချိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ပစ်ခတ်မှုနှင့်မြေမြုပ်မိုင်းတို့ကြောင့် အရပ်သား ၁၄ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရကာ အိမ်ခြေ ၁၀၀ကျော်ပျက်စီးခဲ့သည်။**

| စဉ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | ဖြစ်စဉ် | သေဆုံး | ဒဏ်ရာရ | ပျက်စီး |
|---|---|---|---|---|---|---|
| ၁ | ၂၁.၁၀.၂၀၂၃ | ပေါက်နေရပ်ကွက် | စစ်ကောင်စီပစ်လွှတ်လိုက်သော လက်နက်ကြီး ကျည်သည် ပေါက်နားရပ်ကွက်သို့ကျရောက်ပေါက်ကွဲကာ အရပ်သားပြည်သူနှစ်ဦးသေဆုံးခဲ့ | ၁ (ကျား) ၄၀နှစ်ဝန်းကျင်၊ ၁ (မ) ၂၇နှစ်ဝန်းကျင် | | |
| ၂ | ၂၆.၁၀.၂၀၂၃ | မန်နားရပ်ကွက် | စစ်ကောင်စီမှ နံနက် ၅နာရီတွင် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် အမျိုးသမီးတစ်ဦး၏နေအိမ်သို့ကျရောက်ပေါက်ကွဲကာ အိမ်ထဲတွင် အိပ်နေသော အမျိုးသမီးကိုထိမှန်ခဲ့ | ၁ (မ) ၁၇နှစ် | | နေအိမ် ၁လုံးပျက်စီး |
| ၃ | ၁.၁၂.၂၀၂၃ | ပေါက်လုံရပ်ကွက် | စစ်ကောင်စီမှ နံနက် ၈နာရီတွင် လေကြောင်း ဗုံးကြဲတိုက် ခိုက်မှုပြုလုပ်ခဲ့ | ၁ (မ) ၇၈နှစ် | ၁ (ကျား) ၂၉နှစ် | နေအိမ် ၇လုံးပျက်စီး |
| ၄ | ၁.၁၂.၂၀၂၃ | နောင်စန့်ရပ်ကွက် | စစ်ကောင်စီမှ ည ၉း ၃၀နာရီခန့်တွင် လေကြောင်းဗုံး ကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့၊ ဗုံးကြဲမှုတွင် Cluster ဗုံးများ ပါပါဝင် | ၁ (ကျား) ၅၂နှစ် | | ဘုန်းကြီးကျောင်း၁ကျောင်း၊ နေအိမ် ၄လုံး ပျက်စီး |
| ၅ | ၁.၁၂.၂၀၂၃ | ဟိုကပ်ရပ်ကွက် အောင်မေတ္တာရပ်ကွက် | စစ်ကောင်စီမှ ည ၉း ၃၀နာရီတွင် ရပ်ကွက်တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ | | ၁ (ကျား) ၂၈နှစ်၊ ၂ (မ) ၄၆နှစ် နှင့် ၁၉နှစ်၊ ကလေး၂ (ကျား) | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ၁၂နှစ် နှင့် ၁၆နှစ်၊ ကလေး ၁ (မ) ၁၇နှစ် | |
| ၈ | ၆.၁၂.၂၀၂၃ | ဟိုနားရွာ | စစ်ကောင်စီမှ ညသန်း ခေါင်တွင် လေကြောင်းဗုံး ကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | ၂ (ကျား) ၄၆နှစ် နှင့် ၃၅နှစ်၊ ၂ (မ) ၅၆နှစ် နှင့် ၅၀နှစ်၊ ကလေး ၁ (မ) ၅နှစ် | ၂ (ကျား)၊ ၁ (မ)၊ ကလေး ၁ (မ) ၅နှစ် | ဂိုဒေါင်တစ်လုံးပျက်စီး |
| ၉. | ၆.၁၂.၂၀၂၃ | ပန်လေ့ရွာ | စစ်ကောင်စီမှ ညီနောင်မဟာမိတ်သုံးဖွဲ့နှင့် ဖြစ်ပွားသောတိုက်ပွဲအတွင်း ညသန်းခေါင် ၁၂နာရီအချိန်တွင် လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | | | နေအိမ် ၇လုံးပျက်စီး |
| ၁၀. | ၄.၁၂.၂၀၂၃ | လွယ်အွန်ရွာ | စစ်ကောင်စီမှ ညီနောင်မဟာမိတ်သုံးဖွဲ့နှင့် ဖြစ်ပွားသောတိုက်ပွဲအတွင်း ညသန်းခေါင် ၁၂နာရီအချိန်တွင် လေကြောင်းဗုံးကြဲတိုက်ခိုက်မှု ၄ကြိမ်ပြုလုပ်ခဲ့ | | | နေအိမ် ၉လုံးပျက်စီး |
| ၁၁. | ၁.၁၂.၂၀၂၃ | ပေါက်လုံရပ်ကွက် | စစ်ကောင်စီမှ နံနက် ၈နာရီခန့်တွင် လူနေထူထပ်ရာမြို့အတွင်းသို့ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | ၁ (မ) | | နေအိမ် ၇လုံးပျက်စီး |
| ၁၂. | ၁.၁၂.၂၀၂၃ | နောင်စန့်ရပ်ကွက် | စစ်ကောင်စီမှ ည ၉နာရီတွင် လူထူထပ်ရာမြို့အတွင်းသို့ Cluster ဗုံးအသုံးပြု၍ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ | ၁ (ကျား) | | ဘုန်းကြီးကျောင်း ၁ကျောင်း၊ နေအိမ် ၄လုံးပျက်စီး |


| | | | | | | |
|---|---|---|---|---|---|---|
| ၁၃. | ၁၁.၁၂.၂၀၂၃ | ပေါက်နေရပ်ကွက် | စစ်ကောင်စီမှ ည ၇နာရီတွင် မြို့မရဲစခန်းကို ပေါင်၅၀၀ဗုံး နှစ်လုံးအသုံးပြု၍ လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ | | | နေအိမ် ၁၁လုံးပျက်စီး |
| ၁၄.. | ၁၁.၁၂.၂၀၂၃ | ကောင်းဆာရပ်ကွက် | စစ်ကောင်စီမှ ည၇နာရီတွင် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | ၁ (ကျား) ၆၀နှစ် | | |
| ၁၅. | ၁၂.၁၂.၂၀၂၃ | သာယာကုန်းရပ်ကွက်၊ ကောင်းဆာရပ်ကွက် | စစ်ကောင်စီမှ ဂျက်တိုက်လေယာဉ် ဖိုင်းဖြင့် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | ၁ (ကျား) | | နေအိမ် ၉လုံးနှင့် ဘုန်းကြီးကျောင်း ၁ကျောင်း ပျက်စီး |
| ၁၆. | ၁၃.၁၂.၂၀၂၃ | မိုခမ်းရပ်ကွက် | စစ်ကောင်စီမှ MI-၃၅ ဂျက်တိုက်လေယာဉ်ဖြင့် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | | | ဘုန်းကြီးကျောင်း ၁ ကျောင်း နှင့် နေအိမ် ၅လုံးပျက်စီး |
| ၁၇ | ၁၃.၁၂.၂၀၂၃ | မန့်ဟောင်းရွာ | စစ်ကောင်စီမှ နံနက် ၆နာရီတွင် ဂျက်တိုက်လေ ယာဉ်ဖြင့် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | | | နေအိမ် ၅လုံးပျက်စီး |
| ၁၈ | ၁၅.၁၂.၂၀၂၃ | နောင်ခမ်းရွာ | စစ်ကောင်စီမှ နံနက် ၆နာရီတွင် ဂျက်တိုက်လေ ယာဉ်ဖြင့် လေကြောင်းဗုံး ကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ | | | နေအိမ် ၃လုံးပျက်စီး |
| ၁၉ | ၁၅.၁၂.၂၀၂၃ | အောင်မေတ္တာရပ်ကွက် | စစ်ကောင်စီမှ နံနက် ၁၁နာရီတွင် ဂျက်တိုက်လေ ယာဉ်ဖြင့် လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုပြုလုပ်ခဲ့ | | | နေအိမ် ၁၂လုံးပျက်စီး |
| ၂၀ | ၁၆.၁၂.၂၀၂၃ | အောင်မင်္ဂလာရပ်ကွက် | စစ်ကောင်စီမှ မွန်းတည့်အချိန်တွင် ပေါင်၅၀၀ ဗုံးနှစ်လုံးအသုံးပြုကာ လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ | | | နေအိမ် ၁၅လုံးပျက်စီး |

2023 နိုဝင်ဘာ 21ရက်မှ ဒီဇင်ဘာလ 16ရက်အထိ နမ့်ခမ်းမြို့နယ်တွင်အရပ်သားများကို ထိခိုက်သေဆုံးစေသောစစ်ကောင်စီ၏တိုက်ခိုက်မှုများ




မြေပုံ-ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်

**2023 နိုဝင်ဘာ 21 ရက်မှ ဒီဇင်ဘာလ 16 ရက်အထိ နမ့်ခမ်းမြို့ထဲတွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့်ဗုံးကြဲတိုက်ခိုက်မှုများ**




**ဆက်သွယ်ရန်**

| | | |
|---|---|---|
| စိုင်းဟော်ရှဲန် | +၆၆ ၉၉ ၂၄၆ ၅၆၇၃/ +၆၆ ၉၄ ၇၂၈ ၆၆၉၆ | Signal (ရှမ်း, အင်္ဂလိပ်) |
| ယိင်းလျန်းဟန် | +၆၆ ၉၉ ၂၈၉ ၆၀၈၀ | Signal (မြန်မာ) |